# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | ဒုဦးစီးမှူး | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိသူ | (၃)နေရာ |
| (ခ) | ဒုဦးစီးမှူး | ဥပဒေဘွဲ့ | (၂)နေရာ |
| (ဂ) | စာရင်းကိုင်(၂) | စီးပွားရေးဘွဲ့တစ်ခုခုရရှိသူ | (၅)နေရာ |
| (ဃ) | ဒုဦးစီးမှူး | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်)<br>(သို့)အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)<br>(သို့)သိပ္ပံဘွဲ့ရရှိပြီးAGTI(EC) အောင်လက်မှတ်<br>ရရှိသူဖြစ်ရမည် | (၁၃)နေရာ |

၂။ လျှောက်ထားလိုသူများသည် -

(က) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) မဟာဘွဲ့/ ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်သည်။ (အဆိုပါ ဘွဲ့ရရှိသူများအား အသက်သတ်မှတ်ချက် လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်သည်)

(ဃ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။ (အောင်လက်မှတ်တပါတည်းတင်ပြနိုင်ရမည်)

(င) အနည်းဆုံးလုပ်သက် (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

(ဆ) ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၊ မန္တလေးတိုင်းဒေသကြီးရုံးခွဲ၊ မွန်ပြည်နယ်ရုံးခွဲ၊ မကွေးတိုင်းဒေသကြီးရုံးခွဲများသို့ တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂) နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ (၁၃-၁၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(အသက်အထောက်အထားအတွက်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံချက်

(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ

(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဇ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 012978 သို့လည်းကောင်း ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရုံးခွဲများ၌ စာမေးပွဲကြေးပေးသွင်းထားသည့် ချလန်မူရင်းပြသ၍ (၁၅-၁၁-၂၀၂၁) ရက်နေ့မှ စတင်၍ ထုတ်ယူနိုင်ပါသည်။

၅။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များအား ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို (၁၈-၁၂-၂၀၂၁)ရက်နေ့ (စနေနေ့)နှင့် (၁၉-၁၂-၂၀၂၁)ရက်နေ့ (တနင်္ဂနွေနေ့)တို့တွင် နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများအား (၁၆-၁၂-၂၀၂၁)ရက်နေ့မှ (၁၇-၁၂-၂၀၂၁)ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂)နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၆။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)နေပြည်တော်သို့လိပ်မူ၍ သက်ဆိုင်ရာဌာနမှတဆင့် (၁၃-၁၂-၂၀၂၁) ရက်နေ့နောက်ဆုံးထား၍ပေးပို့ရပါမည်။ (လျှောက်လွှာတစ်စောင်အား ကြိုတင်မိတ္တူပေးပို့ထားရမည်)

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိခြင်းနှင့် စာရွက်စာတမ်းပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ်-၀၆၇၃၄၀၇၂၅၀၊ ၀၉ ၄၅၀၀၀၀၃၁၄၊ ၀၉ ၅၄၂၁၁၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (အကြောင်းအမျိုးမျိုးကြောင့် နေ့ရက်၊ အချိန်ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားပါမည်)